KHRG | ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**သတင်းအကျဉ်းချုပ်**

ဩဂုတ်လ ၆ရက်, ၂၀၁၅/KHRG စာအမှတ်-15-11-NB1

# ဇွန်လ ၂၀၁၅ ခုနှစ်၊ နယ်ခြားစောင့်တပ် စစ်သား များမှ ခြိမ်းခြောက်မှုပြုခြင်း၊ လက်နက်ကြီးနှင့်လက်နက်ငယ်များဖြင့် ရမ်းကားပစ်ခတ်မှုပြုခြင်း

ဤသတင်းအကျဉ်းချုပ်သည် ၂၀၁၅ခုနှစ် ဇွန်လတွင် ဖာပွန်ခရိုင် ဘူးသိုမြို့နယ်၌ နယ်ခြားစောင့်တပ် စစ်သား များမှ ခြိမ်းခြောက်မှုပြုခြင်း၊ လက်နက်ကြီး နှင့်လက်နက်ငယ်များဖြင့် ရမ်းကား၍ပစ်ခတ်မှုပြုခြင်း အကြောင်းကိုဖော် ပြထားပါသည်.[1]

၂၀၁၅ခုနှစ် ဇွန်လ ၁၃ ရက်၊ နံနက် ၈း၀၀ နာရီအချိန်တွင် တပ်ရင်းမှူး ဖားနွီးဦးဆောင်သော ကရင်နယ်ခြား စောင့်တပ် တပ်ရင်းအမှတ် (၁၀၁၅)၏ ထိန်းချုပ်မှုအောက်တွင်ရှိသော တပ်ခွဲမှူး ဖူးလွဲဘော ဦးဆောင်မှုဖြင့် ကရင်နယ်ခြားစောင့်တပ်၏ တပ်ခွဲသည် ဖာပွန်ခရိုင်၊ ဘူးသိုမြို့နယ်၊ ထီးသဒေါ့ထကျေးရွာအုပ်စု၊ ပ---ကျေးရွာ ထဲသို့ လက်နက်ကြီးနှင့်လက်နက်ငယ်များဖြင့် ပစ်ခတ်မှုပြုလုပ်ခဲ့ပါသည်။ ကျည်ဆံများသည် ရွာသူရွာသားများ ၏ကျွဲများကို ထိမှန်ပြီး ၎င်းတို့၏ ရာဘာခြံများလည်း ပျက်စီးခဲ့သည်။ ကျွဲတစ်ကောင်သည် ကျည်ဆံအပိုင်းအစ နှင့်ထိမိသဖြင့် အမြီး ပြတ်သွားခဲ့ရပြီး ၎င်း၏ဒဏ်ရာ နာကျင်မှုကြောင့် အစာမစားနိုင်သည်အထိဖြစ်ခဲ့ပါသည်။ ရွာသူရွာသားများသည် သေနတ်ပစ်ခတ်မှုကြောင့် ကြောက်လန့်တကြားဖြစ်ခဲ့ကြပြီး ရွာမှခေတ္တခဏ ထွက်ပြေး တိမ်းရှောင်ခဲ့ရပါသည်။ ကရင်နယ်ခြားစောင့် တပ်မှ ၎င်းတို့အားသရဲခြောက်သောကြောင့် သေနတ်ပစ်ခဲ့ခြင်းဖြစ် သည်ဟု ရွာသူရွာသားများအား နောက်မှပြောပြခဲ့ ပါသည်။

[1] ဒေသခံ လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်လေ့လာရန် KHRG မှ လေ့ကျင့်သင်ကြားပေးထားသော ဖာပွန်ခရိုင်ရှိ ဒေသခံ အဖွဲ့ဝင် ထံမှ ရရှိသော သတင်းအချက်အလက်များအပေါ် အခြေခံကာ သတင်းအကျဉ်းချုပ်အား KHRG ရုံးဝန်ထမ်းများမှ စုဆောင်းတင်ပြ ထားပါသည်။ KHRG ၏ သတင်းမှတ်တမ်းပြုစုခြင်း နည်းလမ်းစနစ်အား ပွင့်လင်းမြင်သာမှု တိုးပွားလာရန်၊ မြန်မာပြည် အရှေ့ပိုင်းရှိ ရွာသူရွာသားများ၏ အမြင်ရှုထောင့်နှင့် အတွေ့အကြုံများအား ပိုမို၍ တိုက်ရိုက် ထိတွေ့ ပြောဆိုနိုင်ရန်အတွက် ကွင်းဆင်းလေ့လာသူများ ထံမှာ ရရှိလာသည့် သတင်းအချက်အလက်များအားလုံးကို KHRG ၏ လုပ်ငန်းစဉ်များအတိုင်း ဘာသာ ပြန်လုပ်ဆောင်ပြီးနောက် ပြစ်မှု ကျူးလွန်ခြင်း ခံရသူများ၏ လုံခြုံရေးပိုင်းဆိုင်ရာအား စီစစ်ပြီး ဝက်ဘ်ဆိုဒ်တွင် တင်ပြ ထုတ်လွှင့်ရန် ရည်ရွယ်ပါသည်။ ထို့အပြင် အစီရင်ခံစာများအား နေရာဒေသ၊ ခုနှစ်၊ အကြောင်းအရာ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဤသတင်းနှင့်ပတ်သက်၍ အခြားသောအကြောင်းအရာများနှင့် အစီရင်ခံစာတစ်ခုချင်းစီအား KHRG ဝက်ဘ်ဆိုက်တွင် ဆက်လက်ဖတ် ရှုနိုင်ပါသည်။

ထို့အပြင် ၂၀၁၅ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ကရင်နယ်ခြားစောင့်တပ် တပ်ရင်းအမှတ် (၁၀၁၄)၏ တပ်စုမှူး ဒုဗိုလ် သာဘဲသည် ဘူးသိုမြို့နယ်၊ မယ်ပရီကျေးရွာအုပ်စု၊ အ---ကျေးရွာသို့သွားခဲ့ပြီး ရွာသားတစ်ယောက် (သို့) နှစ်ယောက်အား သတ်မည်ဟုခြိမ်းခြောက်ခဲ့ပါသည်။ ဒုဗိုလ်သာဘဲ သည် ရွာသူရွာသားများအား ခြိမ်းခြောက်ရခြင်းမှာ ရွာသူရွာသားများက ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်သာ ထောက်ခံအားပေးပြီး ကရင်နယ်ခြားစောင့်တပ်အား ထောက်ခံအားပေးမှုမရှိသောကြောင့်ဖြစ်သည်ဟုစွပ်စွဲပြောဆိုခဲ့ပါသည်။ ထို့ကြောင့်ရွာသူရွာသားများက ဒုဗိုလ်သာဘဲ ကို ကြောက်ခဲ့ရပါသည်။ ဒုဗိုလ်သာဘဲသည် မကြာသေးမီ တွင် ရွာသူရွာသားများအား အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုဖြင့် ရွာသူရွာသားများ၏ အခွင့်အရေးကို ချိုးဖောက်ခဲ့သောကြောင့် ထိုနေရာတွင် သတင်းဆိုးဖြင့် နာမည်ကျော်ကြားခဲ့ပါသည်။

# Mu Traw (Hpapun) District




Karen Human Rights Group (KHRG)